# ကုန်းဘောင်ခေတ်အဖြေကျမ်းများလေ့လာချက်

ပါရဂူ(PhD)ဘွဲ့အတွက်တင်သွင်းသောကျမ်း

မခင်မော်မော်ဦး

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၇ခုနှစ်၊ မေလ

# ကျမ်းအကျဉ်းချုပ်

ဤကျမ်းသည် "ကုန်းဘောင်ခေတ်အဖြေကျမ်းများ"ကို လေ့လာသောကျမ်းဖြစ်ပါသည်။ ဤကျမ်းတွင် ကုန်းဘောင်ခေတ်နှင့်သက်ဆိုင်သည့် အဖြေကျမ်းပုံနှိပ်မူ၊ လက်နှိပ်စက်မူ၊ ပေမူ(၁၂)စောင်ကို လေ့လာသုတေသနပြုခဲ့ပါသည်။ တိမ်မြုပ်ပျောက်ကွယ်လုဖြစ်နေသည့် ရှေးမြန်မာစာပေလက်ရာ အဖြေကျမ်းများကိုဖော်ထုတ်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် သုတေသနပြုခဲ့ခြင်းလည်းဖြစ်ပါသည်။ တွေ့ရှိရသောအဖြေကျမ်း(၁၂)စောင်တို့မှာ ပျို့၊ မော်ကွန်း၊ ရတု၊ သတ်ပုံကျမ်း စသည်ဖြင့် ပါဝင်နေသည်ကိုတွေ့ရပါသည်။ ၎င်းတို့ကို သက်ဆိုင်ရာအကြောင်းအရာများအလိုက် စာပေဆိုင်ရာ အဖြေကျမ်း၊ သတ်ပုံရေးထုံးနှင့် သုတဆိုင်ရာအဖြေကျမ်း၊ ဘာသာရေးဆိုင်ရာအဖြေကျမ်းနှင့် ဆုံးမဩဝါဒဆိုင်ရာအဖြေကျမ်းဟူ၍ ကဏ္ဍများခွဲလျက် တင်ပြထားပါသည်။အဖြေကျမ်းများကို လေ့လာရာတွင် အဖြေကျမ်း၏အဓိပ္ပာယ်၊ တောင်ငူခေတ်မှစ၍ ကုန်းဘောင်ခေတ်အထိ ပေါ်ပေါက်ခဲ့သောအဖြေကျမ်းများ၊ အဖြေကျမ်းများ၏ ယေဘုယျလက္ခဏာများနှင့် ကုန်းဘောင်ခေတ်၌ပေါ်ပေါက်ခဲ့သော အဖြေကျမ်းများကို တစ်ပုဒ်ချင်းလေ့လာခဲ့ပါသည်။ ထိုသို့ လေ့လာခဲ့ရာတွင် ဖြေဆိုသူပညာရှင်တို့၏ ဖြေဆိုဟန်များကို အထူးဂရုပြု၍ ဖော်ထုတ်သုတေသနပြုခဲ့ပါသည်။ ရှေးမြန်မာအဖြေကျမ်း ပညာရှင်တို့၏ ပညာ၊ ဉာဏ်၊ ဗဟုသုတအကြားအမြင်များမှုကိုလည်း အံ့ဩလေးစားဖွယ် လေ့လာတွေ့ရှိရသကဲ့သို့ အဖြေကျမ်းတို့၏သဘောသည် သုတပေးမှုအပြင် ဝေဖန်ရေးသဘောတရားများ သက်ဝင်နေမှုကိုလည်း အသစ်ထပ်မံတွေ့ရှိခဲ့ရပါသည်။ အချို့အဖြေကျမ်းများတွင် တစ်ခါတစ်ရံ ရကန်သဘောသက်ဝင်မှုနေမှုများနှင့် မှတ်တမ်းသဘော သက်ဝင်နေမှုများကိုလည်း ထူးခြားစွာ လေ့လာတွေ့ရှိခဲ့ရပါသည်။ ထို့ကြောင့် အတိတ်ခေတ် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို စူးစမ်းဖော်ထုတ်သည့်သဘောကိုဆောင်သော အဖြေကျမ်းစကားပြေများသည် ပြည်သူတို့၏ နား၊ မျက်စိများကို အစွမ်းကုန်ဖွင့်ပေးခဲ့သော၊ ခက်ခဲလိမ်ကျစ်သော စကားလုံးပဟေဠိ အကွယ်အဝှက်တို့ကို အဖြေရှာပေးနိုင်စွမ်းသော၊ သုတစကားပြေများအဖြစ် မြန်မာစာပေလောကတွင် မှတ်တိုင်တစ်ခုအဖြစ် ထင်ရှားစွာတည်ရှိနေခဲ့ပြီဖြစ်ပါသည်။